
# အာဆီယံဒေသရှိ ကလေးများ၏ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရရှိရေးဆိုင်ရာအခွင့်အရေးများ

## အခြေခံမှုများနှင့်မူဝါဒလမ်းညွှန်








## ကလေးသူငယ်အခွင့်အရေးများဆိုတာဘာလဲ?

ကလေးသူငယ်အခွင့်အရေးများဆိုသည်မှာ ကောင်းမွန်သည့် ဘဝတစ်ခုရရှိရန် ကလေးတိုင်းရှိသင့်သည့် သို့မဟုတ် လုပ်ဆောင်နိုင်သည့်အရာများ ဖြစ်သည်။ ထိုအခွင့်အရေးများ၌ လုံခြုံမှုရရှိပိုင်ခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာ၌ နေထိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ ကလေးများအပေါ်သက်ရောက် သည့်ဆုံးဖြတ်ချက်များအား ထုတ်ပြောပိုင်ခွင့် အစရှိသည်တို့ ပါဝင်သည်။ အရေးပါသည့်သဘောတူညီမှုများ၌ အစိုးရများ သည် ထိုကလေးသူငယ်အခွင့်အရေးများအား ကာကွယ်စောင့် ရှောက်ပေးရေး သေချာစေမည်ဟု ကတိပြုကြ

## ကျန်းမာရေးနဲ့ညီညွတ်တဲ့ပတ်ဝန်းကျင်ဆိုတာဘာလဲ?



လူတိုင်းနဲ့သက်ရှိတိုင်းအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ရာသီဥတု

အာဟာရပြည့်ဝသည့်အစားအစာနှင့် နေထိုင်ရန်၊ ပညာသင်ကြားရန် နှင့် ဆော့ကစားရန်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိသည့်နေရာများ



သန့်ရှင်းသောလေနှင့်သန့်ရှင်းသော သောက်သုံးရေ





ထိုအရာများအား အနာဂတ်၌ ထိခိုက်မှု မရှိစေပဲ ယနေ့အချိန်ရှိ ရင်းမြစ်များအား အကောင်းဆုံး အသုံးချသည့် ရေရှည်တည်မြဲသည့် လုပ်ငန်းစဉ်များ







## ကမ္ဘာအနှံ့ရှိကလေးများသည် လူကြီးများနှင့် အစိုးရများအား သူတို့ သည် ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်၌ နေထိုင်ကြီးပြင်း ချင်သည်ဟု ပြောနေကြသည်။

ကလေးများကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်တစ်ခုရရှိခွင့်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် လေးစားရန် အာဆီယံဒေသရှိလူတိုင်းအား အကူအညီပေးရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (၃)ခုသည် ကလေးများနှင့် ကျွမ်းကျင် လူကြီးများဖြင့် အခြေခံမှုများနှင့် မူဝါဒလမ်းညွှန်ချမှတ်ရန် အတူတကွဆောင်ရွက်ခဲ့ ကြသည်။

UN environment programme

unicef for every child

UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER South-East Asia Regional Office



## အခြေခံမှုများနှင့် မူဝါဒလမ်းညွှန်ဆိုတာ ဘာလဲ?

**အခြေခံမှု** များဆိုသည်မှာ ကလေးများ ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင်တစ်ခုရရှိခွင့်များ သေချာစေရန် လိုက်နာရမည့် အခြေခံစည်းကမ်းများဖြစ်သည်။ အခြေခံမှုစုစုပေါင်း (၃၇)ခု ရှိသည်။

**မူဝါဒလမ်းညွှန်** သည် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများ၊ ရပ်ရွာများ၊ မီဒီယာများနှင့်ကလေးများအား ထိုအခြေခံမှု များအား မည်ကဲ့သို့လိုက်နာရမည်ကို ပြောပြထားခြင်း ဖြစ်သည်။

## သင်သိခဲ့ပါသလား?




ကလေးဆိုသည်မှာ မွေးဖွားသည့် အချိန်မှစ၍ အသက် (၁၈)နှစ် အထိ ဖြစ်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ မှ သတ်မှတ်ထားသည်။



# အခြေခံမှုများ

ကလေးများနှင့်ပတ်ဝန်းကျင်အပေါ်သက်ရောက်သည့်ဆုံးဖြတ်ချက် များ ချမှတ်ခြင်းနှင့် လုပ်ငန်းစဉ်များဆောင်ရွက်သည့်အခါ အာဆီ ယံဒေသရှိ လူတိုင်း မည်သည့်အရာများကို မှတ်မိသင့်သနည်း?




**ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်**
ကလေးများအားလုံးသည် ကျန်းမာ ရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်၌ နေထိုင်ကြီးပြင်း ခွင့်ရှိသည်။




**ကလေးသူငယ်ပါဝင်ဆောင်ရွက်ခြင်း**
ကလေးများအားလုံးသည် သူတို့အပေါ်နှင့် ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်း ကျင်ရရှိခွင့်အပေါ်သက်ရောက်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်း၌ သူတို့၏ အမြင်များ မျှဝေခွင့်နှင့် ပါဝင်ခွင့်ရှိသည်။




**ကလေးနားလည်နိုင်သည့်သတင်းအချက်အလက်**
ကလေးများအားလုံးသည် ကျန်းမာရေးနှင့်ညီ ညွတ်သည့်ပတ်ဝန်းကျင်၌နေထိုင်ခြင်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များအား သူတို့နားလည်သည့် ဘာသာစကား နှင့် သူတို့စိတ်ဝင်စားသည့် နည်းလမ်းများဖြင့် ရရှိခွင့်ရှိသည်။




**ပတ်ဝန်းကျင်ဆိုင်ရာပညာပေး**
ကလေးများအားလုံးသည် ပတ်ဝန်းကျင် နှင့်ပတ်သက်သည့် အကြောင်းအရာနှင့် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ရမည်ကို သင်ယူခွင့်ရှိသည်။




**ဆော့ကစားခြင်း**
ကလေးများအားလုံးသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ရှိအိမ်ပြင်ပ၌ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆော့ကစားခွင့်ရှိသည်။




**ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်၏ ထိခိုက်မှုမှ ကာကွယ်စောင့်ရှောက်ပေးခြင်း**
ကလေးများအားလုံးသည် ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အပင်များ၊ တိရစ္ဆာန် များနှင့် အခြားသဘာဝရင်းမြစ်များဆုံးရှုံးမှုမှ ဖြစ်ပေါ်သည့်ထိခိုက်နစ်နာမှုအားလုံးမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်ရှိသည်။




**ထိခိုက်နစ်နာစေနိုင်သောစီးပွားရေးလှုပ်ရှားမှုများ အဆုံးသတ်ခြင်း**
ကလေးများအားလုံးသည် စီးပွားရေးလှုပ်ရှားမှုများကြောင့် ဖြစ်ပေါ်သည့် ထိခိုက်နစ်နာမှုများမှ ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်ရှိသည်။




**အကူအညီများရရှိခြင်း**
ကလေးများအားလုံးသည် ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်ရရှိခွင့်များအား ချိုးဖောက်ခံရခြင်းမှ ရရှိသည့် ထိခိုက် နစ်နာမှုများကြုံတွေ့ပါက အကူအညီတောင်းရန်နှင့် ရရှိရန်၊ ကလေးသူငယ်များနားလည်နိုင်သည့် တရားစီရင်မှုရရှိခွင့်ရှိသည်။




**အကြမ်းဖက်ခြင်းမှကာကွယ်စောင့်ရှောက်ခြင်း**
သင်အပါအဝင် ကလေးများအားလုံး၌ ထိုအခွင့်အရေးများရှိသည်။

ကလေးများ၏ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရရှိခွင့်များအား ကာကွယ်စောင့် ရှောက်ခြင်းနှင့်ပတ်သက်ပြီး အခြား အခြေခံမှု (၂၈)ခုရှိသည်။

**သတိရပါ!** ၎င်းသည်ကလေးများအားလုံးအတွက်ဖြစ်သည်။ဘယ်သူဖြစ်ဖြစ်ဘယ်နေရာကဖြစ်ဖြစ်အရေးမပါပါ။

# မူဝါဒလမ်းညွှန်

ကလေးများအတွက်ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်တစ်ခုရရှိရေး သေချာစေရန် လူတိုင်း မည်ကဲ့သို့ အကျိုးပြုနိုင်သလဲ?

## အစိုးရများလုပ်နိုင်သည်...



- စီးပွားရေးလုပ်ငန်းများအတွက် စည်းကမ်းများအပါအဝင် ထိုအခြေခံမူများအား လေးစားလိုက်နာရန် လိုအပ်သည့် ဥပဒေများနှင့်စည်းကမ်းများချမှတ်ခြင်း
- ကလေးများသည် သူတို့နားလည်နိုင်သည့်သတင်းအချက်အလက်များဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာ၌ ပါဝင်နိုင်ရေး သေချာစေခြင်း
- ကျောင်းများသည် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးများ သင်ကြားပေးခြင်း သေချာစေရန်
- ကလေးများ၏ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်ရရှိခွင့်များအား ကာကွယ်စောင့် ရှောက်ရန် လုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်နိုင်ရန် လုံလောက်သည့်ငွေကြေး ပံ့ပိုးပေးနိုင် ရေး သေချာစေခြင်း

## စီးပွားရေးလုပ်ငန်းများလုပ်နိုင်သည်...



- စီးပွားရေးလှုပ်ရှားမှုများသည် ကလေးများနှင့် ပတ်ဝန်းကျင်အပေါ် မည်ကဲ့သို့ သက်ရောက်နိုင်သည်ကို လေ့လာရန်နှင့် ထိခိုက်နိုင်သည့်လှုပ်ရှားမှုများအား ရှောင်ကြဉ်ရန  အမြဲမပြတ် စစ်ဆေးခြင်း။
- ကုမ္ပဏီရှိလူတိုင်းသည် ကလေးများ၏ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင် တစ်ခုရရှိခွင့်များအပေါ်နားလည်ပြီး လေးစားလိုက်နာမှုရှိရေး သေချာစေခြင်း
- စီးပွားရေးလုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များမချမှတ်မီ ကလေးများ၏ အသံများကို နားထောင်ခြင်း

## ရပ်ရွာများလုပ်နိုင်သည်...



- ကလေးများအား သူတို့၏အခွင့်အရေးများဖြစ်သည့် ကျန်းမာရေး နှင့် ညီညွတ်သည့်ပတ်ဝန်းကျင် တစ်ခုရရှိခွင့်များအား ဘေးအန္တရာယ် င်းရှင်းသည့်နည်းလမ်းဖြင့် သူတို့ကိုယ်တိုင်ကာကွယ် စောင့်ရှောက် နိုင်ရန် ကူညီခြင်း
- ‘လျှော့ချခြင်း-ပြန်သုံးခြင်း-သုံးပြီးပစ္စည်းများမှပစ္စည်းအသစ်တဖန်ပြုလုပ် ခြင်း’ ကဲ့သို့သော ကလေးများနေထိုင်သည့်ပတ်ဝန်းကျင်အတွက် အလေ့ အကျင့်ကောင်းများအား မိတ်ဆက်ပေးရန်
- ကလေးများနှင့်အတူဆောင်ရွက် ခြင်း

အစိုးရ၊ ကျောင်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာများအား ထိုအခြေခံမူများ အား လေးစား လိုက်နာရန် ပံ့ပိုးခြင်း

## မီဒီယာများလုပ်နိုင်သည်...




- ကလေးသူငယ်များ၏ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်ရရှိခွင့်များအား လေးစားလိုက်နာခြင်းနှင့်ပတ်သက်ပြီး အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာနှင့်မကောင်းမွန်စွာဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ်အစီရင်ခံ ခြင်း
- ပတ်ဝန်းကျင်နှင့်ပတ်သက်သည့်အကြောင်းအရာများအား ကလေးများအတွက် ထုတ်လုပ်ခြင်း
- ပတ်ဝန်းကျင်အားကာကွယ်စောင့်ရှောက်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို ဆန့်ကျင် ရန် ကလေးများ စီစဉ်ဆောင်ရွက်နေသည့် ကောင်းမွန်သည့်လှုပ်ရှားမှုများ အား အစီရင်ခံခြင်း



**အထက်ပါစာရင်းသည် မိဘများ၊ ဆရာ/မများ နှင့် အခြားလူကြီးများ ပြုလုပ်နိုင်သည့်အရာအချို့သာဖြစ်ပါသည်။ သူတို့သည် ထိုထက်မကပိုမိုလုပ်ဆောင်နိုင်မှသာလျှင် ကလေးများသည် ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင် ၌ နေထိုင်ကြီးပြင်းနိုင်မည်ဖြစ်သည်။**




# ကလေးများဘာလုပ်နိုင်လဲ?

## သင်ယူပါ



ကျောင်း၌-- ဆရာ/မများနှင့် မိဘများအား ပတ်ဝန်းကျင်အကြောင်းနှင့် ကလေးများ၏ ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင်တစ်ခုရရှိခွင့်များနှင့် ပတ်သက်ပြီး သင်ယူချင်ကြောင်း ပြောပြပါ။



သင်ကိုယ်တိုင်-- သင်အား ပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး သင်ကြားပေးနိုင်သည့် စာအုပ်များဖတ်ပါ။ ဗီဒီယိုများကြည့်ပါ။ လှုပ်ရှားမှုများ၌ ပါဝင်ပါ။

## ပြောပါ



ပတ်ဝန်းကျင်နှင့် ကလေးများ၏ ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရရှိခွင့်များနှင့် ပတ်သက်ပြီး သင်လေ့လာနေသည့်အကြောင်းအရာများအား အခြား ကလေးများနှင့် သင့်မိဘအပါအဝင် အခြားလူကြီးများအား ပြောပြပါ။



ပတ်ဝန်းကျင်အားကာကွယ်စောင့်ရှောက်ရန် သင်လုပ်နေသည့်အရာများနှင့်ပတ်သက်ပြီး အခြားသူများအား ပြောပြရန် လူမှုရေးမီဒီယာကို အသုံးပြုပါ။



ပတ်ဝန်းကျင်နှင့်ရာသီဥတုပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး ကလေးနားလည် နိုင်သည့်သတင်းအချက်အလက်များ လိုချင်ကြောင်း ဆရာ/မများအား အသိပေးပါ။



## ဆော့ကစားပါ



ကလေးများ ဆော့စားရန် ဘေးအန္တရာယ်ကင်းရှင်း သည့် နေရာများ လိုအပ်ကြောင်း သင့်မိဘနှင့် အခြားလူကြီး များအား ပြောပြပါ။



ပတ်ဝန်းကျင်အားကာကွယ်စောင့်ရှောက်ပြီး ပျော်စရာ ကောင်းသည့် လုပ်ငန်းများ အား ရှာဖွေပါ။

## ပါဝင်ပါ



သင့်ရပ်ရွာ၌ ကလေးများအတွက် ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် ရာသီဥတု ပြောင်းလဲ မှုဆန့်ကျင်ရေး လုပ်ဆောင်သည့်အဖွဲ့များ ဖွဲ့ရာ၌ ကူညီ ပြီး ရှိရင်းစွဲ ကွန်ယက်များ၌ ပါဝင်ပါ။



**ဒေသတွင်းနှင့် နိုင်ငံတကာစည်းရုံးလှုံ့ဆော်မှုများနှင့် အဖွဲ့များ၌ ပါဝင်ပါ။**

- ကလေးသူငယ်များ၏ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးများစဦး ဆောင်ရွက်လှုပ်ရှားမှု (စီအီးအာအိုင်)
- အာဆီယံလူငယ်အဖွဲ့အစည်း
- ကလေးသူငယ်နှင့်လူငယ်များဆိုင်ရာမှာကုလသမဂ္ဂအဓိကအဖွဲ့
- အာရှပစိဖိတ်ဒေသလူငယ်သီးသန့်အဖွဲ့
- ကလေးသူငယ်နှင့်လူငယ်များဆိုင်ရာယူအန်အီးပီအဓိကအ



# စည်းရုံးလှုံ့ဆော်ပါ



ကလေးများသည် ကျန်းမာရေးနှင့် ညီညွတ်သည့်ပတ်ဝန်းကျင်ရရှိခွင့်များအပေါ်သက်ရောက်သည့် ဆုံးဖြတ်ချက်များချမှတ်ခြင်း၌ ပါဝင်ခွင့်ရသင့်ကြောင်း သင့်မိဘ၊ ဆရာ/မများနှင့် ရပ်ရွာရှိခေါင်းဆောင်များအား ပြောပြပါ။



သင်နေထိုင်သည့်နေရာ၌ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် မည်ကဲ့သို့ သက်ရောက်မှု ရှိသည်ကို ရှာဖွေပါ။




ကျန်းမာရေးနှင့်ညီညွတ်သည့်ပတ်ဝန်းကျင်ရရှိခွင့်များ မရရှိပါက တိုင်ကြားနိုင်ရန် သင်ပါဝင်သည့်အဖွဲ့များအား အကူအညီတောင်းပါ။



ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် သည် နိုင်ငံများမှ ကလေးသူငယ်အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် ကတိပြုထားသည့် အရေးပါသည့်သဘောတူညီမှုတစ်ခုဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ် အခွင့် အရေးများဆိုင်ရာသဘောတူစာချုပ်သည် ကလေးသူငယ်၏ အခြေပြုအယူအဆ၊ သူတို့၏အခွင့်အရေးများနှင့် အစိုးရ၏တာဝန်ဝတ္တရားများ အား ရှင်းပြထားသည်။ အခွင့်အရေးများအားလုံးသည် ချိတ်ဆက်လျက်ရှိပြီး အားလုံးသည် ညီတူညီမျှအရေးကြီးကာ ကလေးများထံ မှ ဖယ်ထုတ်၍ မရပါ။ အာဆီယံဒေသရှိနိုင်ငံအားလုံး၏အစိုးရများသည် ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အား သဘောတူထားကြသည်။

ကလေးနားလည်နိုင်သည့်တရားစီရင်မှုဆိုသည်မှာ သင့်အသက်၊ သင့်လိုအပ်ချက်များ၊ သင့်အခြေအနေနှင့် သင်ဘယ် လောက် နားလည်သည့်အပေါ် စဉ်းစားပြီး လိုက်လျောညီထွေစွာပြုပြင်ထားသည့်နည်းလမ်းဖြင့် သင့်အခွင့်အရေးများ အား ကလေးသူငယ် အခွင့်အရေးများအဖြစ် လေးစားလိုက်နာသည့် တရားစီရင်မှုအား ချဉ်းကပ်သည့်ပုံစံတစ်ခုဖြစ် သည်။ ဖြစ်စဉ်တစ်လျှောက်လုံး၌ သင်၏အသံများကို တန်ဖိုးထားကာ လျင်မြန်ပြီး မည်သည့်ကလေးမဆို လက်လှမ်း မီရရှိနိုင်သည့် တရားစီရင်မှုတစ်ခုဖြစ်သည်။ ကလေးနားလည်နိုင်သည့် တရားစီရင်မှုအား ထိုဖြစ်စဉ်၌ သင် ကြုံတွေ့ နိုင်သည့် ထိခိုက်နစ်နာမှုများ လျှော့ချရန် စီစဉ် ထားခြင်းဖြစ်ပြီး ၎င်းသည် သင်၏အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရာ၌ သင့်အား ကူညီပေးသည်။

# အသိအမှတ်ပြုမှု

အခြေခံမူများနှင့် မူဝါဒလမ်းညွှန်။ အာဆီယံဒေသရှိ ဘေးအန္တရာယ်ကင်းရှင်း သော၊ သန့်ရှင်းသော၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင် အပေါ် ယခုကလေးနားလည်နိုင်သည့် သတင်းအချက်အလက် အကျဉ်းချုပ်အား ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ အသက် ၁၄-၁၈နှစ် အရွယ်ကလေးများဖြင့် မိတ်ဖက်အဖြစ် ထုတ်လုပ် ထားခြင်းဖြစ်သည်။

ဒီဇိုင်း/ထုတ်လုပ်ခြင်း။ **QUO** ဘန်ကောက်

ယခုကလေးနားလည်နိုင်သည့်သတင်းအချက်အလက်အကျဉ်းချုပ်အားနိုဝင်ဘာ၂၀၂၁ ၌ ရေးပြီးခဲ့သည်။

ယူအန်အီးပီ၊ ယူနီဆက်ဖ်၊ ယူအန်လူ့အခွင့်အရေးအဖွဲ့နှင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာအာရှအဖွဲ့ များသည် ယခုပုံနှိပ်ထုတ်ဝေမှုအား ပြန်လည်အသုံးပြုခြင်းမှ ကျရောက်မည့်အကျိုးဆက်အတွက် တာဝန်မရှိပါ။


**မေးခွန်းများ? ဆက်သွယ်ရန်။**

ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်စီမံကိန်း (ယူအန်အီးပီ)
**uneproap@un.org**

ကမ္ဘာ့ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)
**asiapacificinfo@unicef.org**

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့ (အိုအိတ်ချ်စီအိတ်ချ်အာ)
**ohchr.bangkok@un.org**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအာရှအဖွဲ့ (စီအာစီအာရှ)
**secretariat@crcasia.org**

တီဒီအိတ်ချ် ဂျာမဏီ အရှေ့တောင် အာရှ
**info@tdhgsea.org**



UN environment programme 50 1972-2022

UNITED NATIONS HUMAN RIGHTS OFFICE OF THE HIGH COMMISSIONER South-East Asia Regional Office

unicef for every child

Child Rights Coalition Asia

terre des hommes Help for Children in Need